OFFICE OF THE SUPREME HEADQUARTER
KAREN NATIONAL UNION
KAWTHOOLEI

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့တွင် ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဌ ဗိုလ်ချုပ်ကြီးစောတာမလာဘော၏ ပြောကြားသောမိန့်ခွန်း

**ပြည်တွင်းပြည်ပရှိ ကရင်အမျိုးသားအပေါင်းတို့–**
**ခေါင်းဆောင်–ရဲဘော်အပေါင်းတို့–**

ဒီကနေ့ဟာ ကရင်သက္ကရာဇ် (၂၇၄၉)ခုနှစ် သလေလဆန်း (၁)ရက်နေ့၊ ခရစ်သက္ကရာဇ် (၂၀၀၉)ခုနှစ် ဒီဇင်ဘာလ (၁၆)ရက်နေ့သည် ကရင်အမျိုးသား နှစ်သစ်ကူးမင်္ဂလာအခါသမယ ကျရောက်ချိန်ဖြစ်ပါတယ်။ ဒီလို နှစ်သစ်မင်္ဂလာနေ့မြတ်ကို ကြုံကြိုက်ပြန်ရတာဟာလည်း ထပ်မံဝမ်းမြောက်ဝမ်းသာ ဖြစ်ဖွယ်ဖြစ်ပါတယ်။ ဒါကြောင့် နေရာဒေသအသီးသီးမှာ နေထိုင်ကြတဲ့ကရင်အမျိုးသားတဦးစီတိုင်းကို ကိုယ်စိတ်နှစ်ဖြာကျမ်းမာ၍ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းများပို့သရင်း နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကားပြောလိုပါတယ်။

ပထမအနေနဲ့ မိမိတို့ကရင်အမျိုးသားဆိုတာ လူမျိုးငယ်လေးတစုမျှသာမဟုတ်ကြောင်း ဦးစွာပြောကြားလိုတယ်။ ဘီစီ ၇၃၉ ကစပြီး ဒီတိုင်းပြည်ထဲကို ဦးစွာပထမ ဝင်ရောက်လာခဲ့တဲ့ လူမျိုးတမျိုးဖြစ်သလို လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော်မှာ လွတ်လပ်ငြိမ်းချမ်းစွာ နေလာနိုင်ခဲ့လူတွေလဲဖြစ်ပါတယ်။ ဒါပေမဲ့သက်ဦးဆံပိုင် မွန်ဘုရင်၊ ဗမာဘုရင်တွေရဲ့ အကြမ်းဖက်တိုက်ခိုက်ဖိနှိပ်ညှင်းပမ်းမှုကြောင့် ငြိမ်းချမ်းလွတ်လပ်စွာ မနေနိုင်ခဲ့ကြတော့တာ မဟာဗမာဝါဒီ စစ်အာဏာရှင်များရဲ့ အုပ်စိုးတဲ့ခေတ် ယနေ့ကာလတိုင်အောင်ဖြစ်ပါတယ်။ ဒီနိုင်ငံမှာ ကရင်လူမျိုးဟာ လူမျိုးတမျိုး ဖြစ်တာနဲ့အညီ မိမိတို့နဲ့ထိုက်တန်တဲ့ အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးကလည်းရရှိပြီး မိမိတို့ဖာသာ ကိုယ့်အားကိုယ်ကိုး တိုးတက်ကြီးပွားအောင် လုပ်နိုင်ခွင့်ရကြဘို့လိုတယ်။ ဒီနေရာမှာ အမျိုးသားရဲ့စကား၊ စာပေနဲ့ရိုးရာ ယဉ်ကျေးမှုထိမ်းသိမ်း စောင့်ရှောက်ရေးကိစ္စဟာ အလွန်အရေးကြီးကြောင်း ထပ်မံအသိပေးလိုက်ပါတယ်။ ကရင့် တော်လှန်ရေးနဲ့ ကေအဲန်ယူ အဖွဲ့အစည်းခေါင်းဆောင် ရပ်တည်နိုင်တဲ့အတွက် အရှေ့ဘက်မှ ကရင်အမျိုးသားတွေဟာ မိမိရဲ့ဘာသာစကားကို ပြောကြားခွင့်ရပြီး ကရင်စာပေကိုလည်း အစုံလျှင်သင်ယူခွင့်ရနေကြသေးတယ်။ မြစ်ဝကျွန်းပေါ်၌မြို့ပြဒေသမှာရှိတဲ့ ကရင်အများစုကြီးတော့ ဒီလိုအခွင့်အရေးတွေ အကြီးအကျယ်ဆုံးရှုံးနေလို့ ကရင်ဖြစ်ပြီး ကရင်စကားမပြောတတ်၊ ကရင်စာပေမရေးတတ်၊ မဖတ်တတ်ကြဘူး၊ တချိန်တည်းမှာဘဲ စာပေလည်းပျောက်၊ လူမျိုးပျောက်မဖြစ်အောင် ဝိုင်းဝန်းထိမ်းသိမ်းကြတဲ့ မြို့ပြနဲ့မြစ်ဝကျွန်းပေါ်က ကရင်မျိုးချစ်တွေ၊ ဘာသာရေးဘက်ဆိုင်ရာ ပုဂ္ဂိုလ် အဖွဲ့အစည်းများရဲ့ကဏ္ဍကိုလည်း အသိအမှတ်ပြုကြရမှာဖြစ်တယ်။ အဲ့ဒီနေရာတွေမှာ ကရင်ဘာသာစကား ကရင်စာပေဟာ တစုံတရာရှင်သန်နေသေးတာဖြစ်တယ်။ ဒီကနေ့မှာ ကရင်အမျိုးသားအခွင့်အရေးတွက် တော်လှန်ရုန်းကန်တိုက်ပွဲဝင်နေကြရင်း ကရင်တော်တော်များများဟာ ကမ္ဘာ့အနှံ့ပြန့်နှံ့ ရောက်ရှိနေကြပြီးဖြစ်လို့ ကရင်လူမျိုးတမျိုး ဤကမ္ဘာမြေပေါ်မှ လုံးဝဆိတ်သုန်း ပျောက်ကွယ်ခြင်း မရှိရလေအောင် ကိုယ့်အမျိုးသား ဘာသာစာပေစကားနဲ့ ရိုးရာအစဉ်လာကောင်းများကို အစွမ်းကုန်ထိမ်းသိမ်းကြဘို့လိုတယ်။ ဒါကြောင့်ကရင်တိုင်းက ဒီကိစ္စအပေါ် အထူးအလေးနက်သတိပြုဘို့လိုတယ်။

ဒုတိယအနေဖြင့် ကရင်အမျိုးသားတို့၏သမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် အုပ်စိုးသူအဆက်ဆက်တို့၏ ဖိနှိပ်မှု၊ သတ်ဖြတ်မှုအပေါင်းဖြင့် နာကျည်းဘွယ်ရာအဖြစ် ပြည့်နှက်လျက်ရှိနေပြီး ယနေ့ထိတိုင် မိမိတို့၏ မွေးရာပါအခွင့်အရေးများ ဆိတ်သုန်းလျက်ရှိသည်။ ကရင်အမျိုးသားအရေးသည် နိုင်ငံရေး ပြဿနာဖြစ်သည်နှင့်အညီ ကရင်အမျိုးသား ခေါင်းဆောင်များက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ကြိုးပမ်းဖြေရှင်းခဲ့သော်လည်း စစ်အာဏာရှင်အုပ်စုမှ လက်မခံသည့်အပြင် လက်နက်ဖြင့်ချေမှုန်းလာခဲ့သည့်အပေါ် ယနေ့ထက်တိုင် လက်နက်ကိုင် ခုခံတော်လှန်ရေးကို ကြံ့ကြံ့ခံဆင်နွှဲနေရခြင်းဖြစ်သည်။ သို့ဖြစ်၍ ကရင်အမျိုးသားအရေး ကြိုးပမ်းဆောင်ရွက်ရာမှာ ဖိနှိပ်ကျွန်ပြုမှုအပေါင်းမှ လွတ်မြောက်နိုင်ရန် နိုင်ငံရေးအရရှုံးကြားပြီး ဘာသာအယူဝါဒ မခွဲခြားဘဲ တစိတ်

တဝမ်းတည်း စည်းလုံးညီညွတ်ကြရန်၊ အမျိုးသား ရန်သူမသမာသူများ၏ လိမ်လည်လှည့်စားမှုများကို မခံကြရန် အထူးသတိရှိကြရန် လိုအပ်ပါသည်။

တတိယအနေနဲ့ အုပ်စိုးသူစစ်အစိုးရတို့သည် ကရင်တမျိုးသားလုံးအပေါ် ဖိနှိပ်ကျွန်ပြုယုံမက ကရင်အမျိုးသားထုအတွင်း အချင်းချင်းသတ်လျှိုဖြိုခွဲခြင်း၊ လူငယ်လူရွယ်များ စာရိတ္တပျက်ပြားအောင် မူးယစ်ဆေးဝါးများနှင့် မြူဆွယ်ဖျက်ဆီးခြင်း၊ ဘာသာရေးအရ ဖြိုခွဲခြင်းများကို စနစ်တကျလုပ်ဆောင်လျက်ရှိသည်။ အုပ်စိုးသူစစ်အာဏာရှင်အဆက်ဆက်တို့၏ ဖိနှိပ်မှု၊ နှိပ်စက်ညှင်းပမ်းမှု၊ မတရားသတ်ဖြတ်မှုများကို ခံစားလာရသည်မှာ တနေ့ထက်တနေ့ပိုပြီး ပြင်းထန်လာသည်၊ အုပ်စိုးသူအဆက်ဆက်တို့သည် ကရင်အမျိုးသားများအား နည်းပရိယာယ်မျိုးစုံဖြင့် လူမျိုးတုံး သတ်ဖြတ်မှုမျိုးကို အစီအစဉ်ရှိရှိ စီမံချက်ဖြင့် ကျင့်သုံးလျက်ရှိပြီး တချိန်တည်းတွင် ကရင်အမျိုးသားနေထိုင်ရာ ဒေသအသီးသီးတွင် စစ်ရေးလှုပ်ရှားမှုအပြင်းအထန်ပြုလုပ်လျက် လယ်ခင်းယာခင်းများ ပတ်လည်အနှံ့မြေမြှုပ်မိုင်း အများအပြားထောင်ခြင်း၊ မြန်မာပြည်အရှေ့ခြမ်းနေ ကရင်လူထုများထံ တိုက်ရိုက်ဦးတည်တိုက်ခိုက်ခြင်းသည် ကိုယ်ချင်းစာနာမှုကင်းမဲ့သည့် လုပ်ရပ်ဖြစ်သည်။

နောက်ဆုံးအနေနဲ့ မှာကြားလိုတာကတော့ ၂၀၁၀ ခုနှစ်ဟာ ကရင်အမျိုးသားတွေအတွက် အလွန်တရာစိုးရိမ်ဖွယ်ကောင်းတဲ့နှစ်တနှစ်ပါ။ ဘာကြောင့်လဲဆိုတော့ တိုင်းရင်းသားလူမျိုးတွေရဲ့ မွေးရာပါ ကိုယ်ပိုင်ပြဌာန်းခွင့်တွေကို အသိအမှတ်ပြုဘို့ လုံးဝဆန္ဒမရှိတဲ့ အာဏာရှင်အစိုးရဟာ သူတို့အတင်းအကြပ် ရေးဆွဲပြဌာန်းထားတဲ့ တိုင်းပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုသုံးပြီး တိုင်းရင်းသားတွေကို ချေမှုန်းသုတ်သင်ဘို့ စီမံချက်တွေကို ချမှတ်အကောင်အထည်ဖော်နေတာကြောင့်ဖြစ်တယ်။ ကေအဲန်ယူ အမျိုးသားအစည်းအရုံးဟာ တိုင်းရင်းသားလူမျိုးများအတွက် မည်သည့် အာမခံချက် အခွင့်အရေးမှ မပါဝင်တဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ရွေးကောက်ပွဲဆိုတာကို ဆန့်ကျင်နေတာဖြစ်တယ်။ ကေအဲန်ယူ အမျိုးသားအစည်းအရုံးရဲ့ လှုပ်ရှားတိုက်ပွဲဝင်မှုမှန်သမျှဟာ နိုင်ငံရေးအဓိပ္ပါယ်ဆောင်ပြီး မိမိလူမျိုးဖိ နှိပ်မှုက လွတ်မြောက်ပြီး လူမျိုးတမျိုးအဖြစ် ဂုဏ်သိက္ခာရှိစွာနဲ့ အသက်ရှင်နေထိုင်ဘို့ လွတ်လပ်ဘို့ (ဝါ) ကရင်ကံကြမ္မာကို ကရင်ဖန်တီးနိုင်ခွင့်ရမယ်၊ ဒီမိုကရေစီပြည့်ဝတဲ့ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးဖြစ်တယ်။ ဒီလိုမျိုးနိုင်ငံရေးအရ ရှုန်းကန်တိုက်ပွဲဝင်မှုဟာ ကရင်အမျိုးသားများရဲ့ဘဝကံကြမ္မာနဲ့ တိုက်ရိုက်သက်ဆိုင်နေတာဖြစ်လို့ ကရင်အမျိုးသားတိုင်းက ထမ်းရွက်ရမဲ့အမျိုးသားရေးတာဝန်ဖြစ်တယ်။ ဒါကြောင့် နေရာဒေသအသီးသီးမှာ ရောက်ရှိနေထိုင်ကြတဲ့ ကရင်တွေက ကရင်အမျိုးသားဘဝလွတ်မြောက်ရေးအတွက် ကျရာအခန်းကဏ္ဍကနေ ကိုယ်စီကိုယ်စီတာဝန်ယူပြီး တစိတ်တဝမ်းတည်း ညီညီညွတ်ညွတ် အောင်ပွဲရသည့်အထိ ဆက်လက်တိုက်ပွဲဝင်သွားကြရန်နှင့် ဒီနေ့ထူးနေ့မြတ်အခါသမယမှာ ကရင်အမျိုးသားတရပ်လုံး KNU ဦးဆောင်မှုအောက်တွင် ညီညီညွတ်ညွတ်၊ မားမားမတ်မတ်ရပ်ခံပြီး၊ ဘဝတူတိုင်းရင်းသား အင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့်အတူ လက်တွဲပြီး မိမိအောင်ပွဲပန်းတိုင်အရောက် ခွန်အားသစ်ဖြင့် ဆက်လက်ဦးတည် တိုက်ပွဲဝင်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

*********